- ဇွန်လအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ
- CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု
- ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ
- ပြည်ထောင်စုဝန်ကြီး စကားသံ
- ဇွန်လအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု
- ဆောင်းပါးကဏ္ဍ (ဒီရေတောများ၏ တန်ဖိုး)
- ကဗျာကဏ္ဍ (တစ်ခုတည်းသောမြေကမ္ဘာ)
- ကာတွန်း
- ဇူလိုင်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့များ



# သတင်းလွှာ

အတွဲ (၁)၊ အမှတ် (၅) ၃၀ . ဇွန်လ . ၂၀၂၂

အမျိုးသားညီညွတ်ရေးအစိုးရ . သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# MONRECNEWS


## ဇွန်လအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

### ၁။ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြေညာချက်" ထုတ်ပြန်ခြင်း

နှစ်စဉ် ဇွန်လ (၅) ရက်နေ့သည် "ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" ဖြစ်ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ "တစ်ခုတည်းသော မြေကမ္ဘာ (Only One Earth)" ဖြစ်သည်။ "သဘာဝတရားနှင့် သဟဇာတဖြစ်စွာ ရှင်သန်နေထိုင်ခြင်းအားဖြင့် ရေရှည်တည်တံ့သော လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်" ရည်ရွယ်ခြင်းဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိတို့၏ နေ့စဉ်လူမှုဘဝတွင် အရင်းအမြစ်များကို အလေအလွင့် မဖြစ်စေဘဲ သုံးစွဲခြင်း၊ သဘာဝနှင့် သဟဇာတဖြစ်သည့် ပစ္စည်းများကို သုံးစွဲခြင်း၊ တစ်ပိုင်တစ်နိုင် သစ်ပင်စိုက်ပျိုး ခြင်းဖြင့် ပူးပေါင်းပါဝင်နိုင်ပါသည်။

စစ်အာဏာရှင်ကို တိုက်ဖျက်ပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နေစဉ်မှာ သဘာဝတရား ထိခိုက်ပျက်စီးမှုလျော့နည်းအောင် အတတ်နိုင်ဆုံး ထိန်းသိမ်း ကာကွယ်ရေးသည် အရေးပါလှသည့် အတွက် ၂၀၂၂ ခုနှစ် **ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**ကို "တစ်ခုတည်းသော မြေကမ္ဘာ သက်ရှိလောကသဘာဝ ညီညွတ်မျှတ လူမှုဘဝ အာဏာရှင်စနစ်က ရုန်းထွက်ကြ" ဆိုသည့် ဆောင်ပုဒ်နှင့် ကျင်းပခြင်းဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာပြည်သူများသည် ဒီမြေဒီရေ သောက်ကာ အတူယှဉ်တွဲ နေထိုင်ကြသည့် တစ်ခု တည်းသော မြန်မာပြည်မှာ ဖက်ဒရယ်စနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာပြီး နောင်နှစ်ပေါင်းများစွာ ငြိမ်းငြိမ်း ချမ်းချမ်း သဟဇာတဖြစ်ဖြစ် နေထိုင်နိုင်ရေး စစ်အာဏာရှင်စနစ်ကို အပြီးသတ် တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ၂။ "၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် ဆွေးနွေးပွဲ ကျင်းပခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လစဉ် ဆွေးနွေးပွဲများ စီစဉ်ကျင်းပလျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကျရောက်သည့် "ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အဖြစ် "တစ်ခုတည်းသောမြေကမ္ဘာ သက်ရှိလောက သဘာဝ ညီညွတ်မျှတ လူမှုဘဝ အာဏာရှင်စနစ်က ရုန်းထွက်ကြ" ခေါင်းစဉ်ဖြင့် အွန်လိုင်း ဆွေးနွေးပွဲ တစ်ရပ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး ဗဟိုသစ်တောဌာနတို့မှ ပူးပေါင်း၍ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၅) ရက် (တနင်္ဂနွေနေ့)၊ မြန်မာစံတော်ချိန် ည (၇:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။



ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်နှင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဗဟို သစ်တောဌာန တာဝန်ခံ ပဒိုမန်းဘ ထွန်းတို့မှ ဆွေးနွေးပြောကြားခဲ့ပြီး တော်လှန်ရေးတွင် စဉ်ဆက်မပြတ် ပါဝင်နေသူ သရုပ် ဆောင် မြနှင်းရည်လွင်က Moderator အဖြစ် ပါဝင်အားဖြည့်ဆောင်ရွက်ခဲ့ပါသည်။

## ၃။ "၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးမှုများ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ "၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အဖြစ် အကြိုသစ်ပင်စိုက်ပျိုးပွဲကို (၄-၆-၂၀၂၂) ရက်နေ့တွင် ပျဉ်းကတိုး၊ သစ်ပိတောက်၊ စကားဝါ၊ ငုရွှေဝါ အစရှိသည့် သစ်မျိုးများဖြင့် စုပေါင်း စိုက်ပျိုးခဲ့ကြသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များမှ နွေဦးတော်လှန် ရေးကာလအတွင်း ကျဆုံးသွားသည့် တော်လှန်ရေးသူရဲကောင်း ရဲဘော်များအား ဂုဏ်ပြုသောအားဖြင့် (၅-၆-၂၀၂၂) ရက်နေ့၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် ကျွန်း၊ ပိတောက်၊ ယင်းမာ၊ သင်းဝင်၊ စားပင်သီးပင်များ အပါအဝင် စုစုပေါင်း အပင်ရေ (၂၀၀) ခန့် စိုက်ပျိုးခဲ့ကြသည်။

## ၄။ "၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာ (အွန်လိုင်း) ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်မှုများ

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာ (အွန်လိုင်း) ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဟောပြောပွဲများကို (၂၅-၅-၂၀၂၂) ရက်နေ့မှ (၅-၆-၂၀၂၂) ရက်နေ့အတွင်း ကျင်းပပြုလုပ်ခဲ့သည်။

အခြေခံပညာ (အွန်လိုင်း) ကျောင်း (၁၁) ကျောင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ပြီး စုစုပေါင်း တက်ရောက်သူဦးရေ (၅၀၀၀) နီးပါးခန့် တက်ရောက်ခဲ့ကြသည်။ ၎င်းအပြင် အခြေခံပညာ (အွန်လိုင်း) ကျောင်းများတွင် မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့် စာစီ စာကုံးပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား/သူ (၁၀၄) ဦးနှင့် ပန်းချီပြိုင်ပွဲ ဆုရကျောင်းသား/သူ (၇၅) ဦးအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ပါသည်။

## ၅။ "၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် ESG အွန်လိုင်းသင်တန်း ဖွင့်လှစ်ခြင်း

၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ "Environmental, Social, Governance" ခေါင်းစဉ်ဖြင့် အွန်လိုင်း သင်တန်းတစ်ရပ်ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ ညနေ (၆) နာရီမှ (၈) နာရီအထိ ဆွေးနွေး ဟော ပြောခဲ့သည်။




"ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးမှုများ





"ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာ (အွန်လိုင်း) ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားဆောင်ရွက်မှုများ



## ၆။ နည်းပညာအကြံပေးလုပ်ငန်းအဖွဲ့၏ အပတ်စဉ်အစည်းအဝေးများ ကျင်းပခြင်း

### ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၁) ရက်၊ (၂၂/၂၀၂၂)

- ကြားကာလ သယံဇာတစီမံအုပ်ချုပ်ရေးဆိုင်ရာမူဘောင် (သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကဏ္ဍ) နှင့်စပ်လျဉ်း၍ Update တင်ပြ
- အထွေထွေဆွေးနွေးခြင်း

### ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၈) ရက်၊ (၂၃/၂၀၂၂)

- ဖွဲ့စည်းမှု၊ ဖမ်းဆီးသစ် လေလံရောင်းချမှု၊ ဒဏ်ကြေးကောက်ခံမှုနှင့် မျှောစာဖြင့် ဖြတ်သန်းသွား သည့် မြို့နယ်များအား အကျိုးအမြတ်ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ တင်ပြ
- လုပ်ငန်းလမ်းညွှန်ချက်များ ပြန်လည်စိစစ်သုံးသပ်ရန်နှင့် လက်ရှိစီမံကိန်းများ စိစစ်သုံးသပ်ရန် ကိစ္စရပ်များ တင်ပြ
- အထွေထွေဆွေးနွေးခြင်း

### ၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၅) ရက်၊ (၂၄/၂၀၂၂)

- ဌာနလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးအတွက် သစ်တောကဏ္ဍ ဆွေးနွေးချက်များ တင်ပြ
- အထွေထွေဆွေးနွေးခြင်း



## ၇။ ဇွန်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာ ချက်များ

စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ် လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အနောက်) မှ ပြုလုပ်မည့် အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၂-၂၀၂၃) နှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက် (၄/၂၀၂၂)

### CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု

ဇွန်လအတွင်း နွေဦးထီရောင်းရငွေဖြင့် **CDM ဝန်ထမ်း (၅၇) ဦး** အတွက် (၆၆၀,၁၀၀) ကျပ် ထောက်ပံ့ပေးခြင်း၊

ဇွန်လအတွင်း သီးခြားအထောက်အပံ့အဖြစ် **CDM ဝန်ထမ်း (၂၁) ဦးအတွက်** (၁,၃၀၀,၀၀၀) ကျပ် ထောက်ပံ့ပေးခြင်း။

### ဖက်ဒရယ်သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြားကာလ လုပ်ငန်းများအနက် ဖက်ဒရယ် သယံဇာတဆိုင်ရာ ပညာပေးအစီအစဉ်အဖြစ် သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် CDM ဝန်ထမ်းများအတွက် အသိပညာမြှင့်တင်ရေး အွန်လိုင်းဆွေးနွေးပွဲများကို ကျင်းပပြုလုပ်လျက်ရှိရာ ဇွန်လ (၅) ရက်နေ့တွင် "အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသအပိုင်းအခြားအလိုက် နေရာသတ်မှတ်ခြင်းအစီအစဉ်မိတ်ဆက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇွန်လ (၁၉) ရက်နေ့တွင် "ရေရှည် တည်တံ့စေသော ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲခြင်း" ခေါင်းစဉ် ဖြင့် လည်းကောင်း ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

### ဇွန်လအတွင်း တရားမဝင်သစ်ဖမ်းဆီးရရှိမှု

၂၀၂၂ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်အတွင်း တရားမဝင် သယ် ဆောင်လာသည့် ကျွန်းတံခါးချပ် (၁၀၄၀) ချပ်အား တရားခံ(၅)ဦးနှင့်အတူ Saw PDF မှ ဖမ်းဆီးရမိခဲ့ သည်။ အဆိုပါတံခါးချပ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ တရားခံများကို နောင်မပြုလုပ်ရန် ခံဝန်ကတိထိုးစေပြီး လွှတ်ပေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသား (၁.၅) တန်ခန့် သယ်ဆောင်လာသည့် ကသာမြို့နယ်နေသူအား လိုင်စင်မဲ့ ဖောကားနှင့်အတူ **မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ နှင့် သယံဇာတအုပ်ချုပ်မှု မြို့နယ်အဖွဲ့** မှ ဖမ်းဆီးရမိခဲ့ပြီး ကားနှင့်သစ် အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ တရားခံအား ခံဝန်ကတိဖြင့် ပြန်လည်လွှတ်ပေးခဲ့သည်။

### ပြည်ထောင်စုဝန်ကြီး စကားသံ

**"တော်လှန်ရေးမှာ မိမိထင်ပေါ်ကျော်ကြားမှုအတွက် တစ်ကိုယ်တော်ကိုယ်ရည်သွေးဆောင်ရွက်ခြင်းမျိုးထက် အဖွဲ့အစည်းနှင့် လက်တွဲဆောင်ရွက်မှုပြုနိုင်ခြင်းသည်သာ တော်လှန်ရေး အောင်မြင်စေမည်ဖြစ်ကြောင်း"**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်
















## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပုံပန်းချီ ပြိုင်ပွဲ

**ဆုရပန်းချီများ စုစည်းမှု**

### ဆောင်းပါးကဏ္ဍ

### "ဒီရေတောများ၏ တန်ဖိုး"

ဒီရေအတက်အကျရှိသောနေရာများတွင် ပေါက်ရောက်သောအပင်များကို ဒီရေတောဟုခေါ် သည်။ ဒီရေတောများကို အီကွေတာအနီးတစ်ဝိုက်ရှိ နိုင်ငံများ၏ ကမ်းရိုးတန်းတစ်လျှောက်တွင် တွေ့နိုင် သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဒီရေတောဖုံးလွှမ်းသည့် တတိယအကြီးဆုံးနိုင်ငံ (၂၀၀၇ ခုနှစ်တွင် ၈.၈ ရာခိုင်နှုန်း) ဖြစ်ပြီး ကမ္ဘာ့အဆင့်တွင် ခုနစ်နိုင်ငံ (၂၀၁၈ ခုနှစ်တွင် ဧရိယာ ၅၀၁၁ စတုရန်း ကီလိုမီတာ) မြောက်ဖြစ်သည်။ မြန်မာပြည်တွင် ဒီရေတောအဓိကပေါက်ရောက်သော ဒေသများမှာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ဖြစ်သည်။ ဒီရေတောအမျိုးအစားကို အကြမ်းဖျင်းအားဖြင့် ကမ်းရိုးတန်းဒီရေတော (Coastal mangrove) နှင့် မြစ်ဝကျွန်းပေါ်ဒီရေတော (Delta mangrove) ဟူ၍ (၂) မျိုးခွဲခြားနိုင်သည်။ ထို့အပြင် Semi-delta mangrove များလည်း တွေ့နိုင်သည်။ လက်ရှိမြန်မာပြည်တွင် True mangrove species (၃၇) မျိုးနှင့် Associate mangrove species (ဒီရေတောတွဲဖက်သစ်မျိုး) (၁၆၂) မျိုးကို တွေ့နိုင်သည်။ မြေအနိမ့်အမြင့်အနေအထား၊ ရာသီဥတုအခြေအနေနှင့် ရေငန်နှုန်းပေါ်မူတည်၍ တိုင်းဒေသအလိုက် ပေါက်ရောက်သော ဒီရေတောသစ်မျိုး များ ကွဲပြားသွားကြသည်။ ဒီရေတောများသည် အဖိုးဖြတ်မရနိုင်သော အကျိုးကျေးဇူးများရှိကြောင်း အောက်ပါအချက်များကိုကြည့်ခြင်းဖြင့် သိနိုင်သည်။

ဒီရေတောများသည်

- မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများအတွက် အဆောက်အဦနှင့် ပရိဘောဂများ အတွက် လိုအပ်သော သစ်၊ တိုင်၊ မျောများ ထောက်ပံ့ပေးသော သစ်ဂိုထောင်ကြီးဖြစ်သည်။
- ငါး၊ ပုစွန်၊ ကဏန်း၊ ခုံး၊ ခရုနှင့် အခြားသောရေနေသတ္တဝါများ ဥချပေါက်ဖွားရာ/ ငယ်စဉ် ဘဝ ရှင်သန်ကြီးပြင်းရာ သဘာဝစံအိမ်ကြီးဖြစ်သည်။
- လူနှင့်သတ္တဝါများအတွက် သား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည့် အစားအစာများ ထုတ် ပေးနိုင်သော မီးဖိုချောင်ကြီးဖြစ်သည်။
- ရေထုညစ်ညမ်းမှုကို သဘာဝအလျောက် သန့်စင်ပေးသော ရေသန့်စက်ကြီးဖြစ်သည်။
- မြောက်မြားလှစွာသော ဆေးဖက်ဝင်နွယ်၊ မြက်၊ သစ်ပင်များပံ့ပိုးပေးသော အခမဲ့ ဆေးရုံ ကြီးဖြစ်သည်။
- လေထုညစ်ညမ်းမှုကို သန့်စင်ပေးသော အဆုတ်ကြီးဖြစ်သည်။
- လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်များကို စုပ်ယူပြီး တောင်ပေါ်တောများထက် ကာဗွန် ၃ ဆ မှ ၅ ဆအထိ သိမ်းဆည်းထားနိုင်သော ကာဗွန်သိုလှောင်ရုံကြီးဖြစ်သည်။
- ဆူနာမီ၊ လေပြင်းမုန်တိုင်း၊ ကမ်းရိုးတန်းရေတိုက်စားမှုနှင့် ကုန်းတွင်းပိုင်းအငန်စိမ့်ဝင်မှုကို ကာကွယ်တားဆီးပေးသော သဘာဝတံတိုင်းကြီးဖြစ်သည်။
- သုတေသနလုပ်ငန်းများ ပြုလုပ်နိုင်သော ဓါတ်ခွဲခန်းကြီးဖြစ်သည်။
- ကုန်းမြေနှင့် ပင်လယ်ပြင်ကို ကြားခံအဖြစ် သဘာဝတရားကဆက်စပ်ပေးထားသော တံတားကြီးဖြစ်သည်။

ဆီမီးတောက်

Date - March 23, 2022

## ကဗျာကဏ္ဍ

### "တစ်ခုတည်းသော မြေကမ္ဘာ"

ကမ္ဘာကြီးက စိတ်နာနေပြီ
တစ်ခါက သစ်ပင်ကြီးများ
နေရာယူထားသော မြေ
အခုတော့ ဒဏ်ရာတွေ အလီလီနဲ့
ညည်းညူ လျက်။

ချစ်စရာကောင်းတဲ့ တောင်တန်းတွေမှာ
အေးချမ်းလှတဲ့ နေရာတွေ
ပျောက်ကွယ်လို့
ကြည်နူးစရာကောင်းတဲ့
တိရစ္ဆာန်လေးတွေ
ဒုစရိုက်ကောင်တွေကြောင့်
ဆင်းရဲဒုက္ခပြင်းထန်စွာ ခံစားကြရ။

နေ့စဉ် အစိတ်အပိုင်းများ အကြောင်းမဲ့
ယူဆောင်ခံနေရသော ဤခံစားချက်
ဒေါသတစ်ခု ဖြစ်ပေါ်လာ၍
အမုန်းများ လွင့်ထွက်သွား၏။

အမုန်းက တစ်စတစ်စ
ပြင်းထန်လာတော့
ခံနိုင်ရည်မရှိသူများ ပျက်စီးကြသလို
ဤအမုန်းက သူ့အပေါ်သို့လည်း
တန်ပြန် သက်ရောက်လေသည်။

အရှင်လတ်လတ် ထိုးဖောက်ခံနေရသော
ခံစားချက်အား သူမနှစ်သက်
နာကျင်မှုဒဏ်ကြောင့် သူလှုပ်ရမ်းမိသည်
ဖောက်ထွင်းနေကြသူများ
ငရဲလမ်းက အထင်းသား။

အချစ်နဲ့ရှင်သန်နေသူများ နေထိုင်ကြသလို
အမုန်းတရား လက်ကိုင်ထားသူများလည်း
ဒုနှင့်ဒေး ပြေးလွှားလျက်။

ဂစ်တာကိုတီးရင်း၊ စီးကရက်ကိုဖွာကာ
ငြိမ်းချမ်းခြင်းအကြောင်း ပြောပြသူများ
မွေးဖွားခဲ့သလို
သူ့အား တစ်ယောက်ထဲဖြင့်
ဒဏ်ရာပေါင်း ထောင်ပေါင်းများစွာ
ပေးနိုင်သူတို့လည်း နေထိုင်နေဆဲ

သူမောပန်းနေပြီ အနားပေးရန်သင့်ပြီလား
သူကျွန်တော်တို့ဘက်တွင် ရှိနေမှ
မဟုတ်လျှင် သေစရာမြေမရှိ။

NickCooper
(G10-007)
31.5.2022#

## ဇူလိုင်လအတွင်း သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့

ဇူလိုင်လ ၃ ရက်နေ့ - **အပြည်ပြည်ဆိုင်ရာ ပလပ်စတစ်ကင်းစင်ရေးနေ့**

"ပလပ်စတစ်ကင်းစင်းမှုမှသည် အမှိုက်ကင်းစင်းမှုဆီသို့"

ဇူလိုင်လ ၁၂ ရက်နေ့ - **ကမ္ဘာ့စက္ကူအိတ်သုံးစွဲရေးနေ့**

ဇူလိုင်လ ၂၆ ရက်နေ့ - **အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့**

ဇူလိုင်လ ၂၈ ရက်နေ့- **ကမ္ဘာ့သဘာဝဝန်းကျင်ထိန်းသိမ်းရေးနေ့**

ဇူလိုင်လ ၂၉ ရက်နေ့- **အပြည်ပြည်ဆိုင်ရာ ကျားထိန်းသိမ်းရေးနေ့**

ဇူလိုင်လ ၃၁ ရက်နေ့- **ကမ္ဘာ့ထိန်းသိမ်းရေးနယ်မြေဝန်ထမ်းများနေ့**